**ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်) အတွက် အခြေခံသတ်မှတ်ချက်များ**

၁။ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေး၏ စီမံခန့်ခွဲမှုဧရိယာပြင်ပတွင် ကျေးရွာသုံး စက်သုံးဆီအရောင်းဆိုင်ဖွင့်လှစ်ခြင်းနှင့်သက်ဆိုင်စေရမည်။

(ခ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ကျေးရွာ၏ အရွယ်အစားနှင့် လမ်းပန်းဆက်သွယ်ရေးဒေသအခြေအနေအပေါ် မူတည်၍ ကျေးရွာတစ်ရွာလျှင်ခွင့်ပြုသင့်သည့် ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင် အရေအတွက်ကို လိုအပ်သလိုသတ်မှတ်နိုင်သည်။

(ဂ) သက်ဆိုင်ရာကျေးရွာတွင်အခြေချနေထိုင်သူကို ဦးစားပေးခွင့်ပြုမည်။

(ဃ) ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်၏ မြေဧရိယာအကျယ်အဝန်းသည် အနည်းဆုံး စတုရန်းပေ ၂,၀၀၀ နှင့် မျက်နှာစာဖွင့်အကျယ် အနည်းဆုံး ပေ ၄၀ ရှိရမည်။

(င) ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင် ဧရိယာနယ်နိမိတ်ကို အလွယ်တကူမီးမလောင်နိုင်သည့် ပစ္စည်းများအသုံးပြု၍ ခြံစည်းရိုးကာရံထားရှိရမည်။ ဆိုင်မျက်နှာစာကို ချန်လှပ်ထားနိုင်သည်။

(စ) ဘက်ထရီပန့် (D.C Electric Pump) များဖြင့် ဖြန့်ဖြူးရောင်းချခြင်း လုံးဝ (လုံးဝ)မပြုရ။

(ဆ) လျှပ်စစ်မီးမရပါက စက်သုံးဆီများအား မီးဘေးအန္တရာယ်လုံခြုံစိတ်ချရပြီး အခိုင်အမာ တည်ဆောက်ထားသည့် ဂိုဒေါင်အတွင်း ပီပါဖြင့်စနစ်တကျ သိုလှောင်၍ လက်ရိုက်ပန့် (Hand Pump) သို့မဟုတ် ခြင်ခွက်ဖြင့်ဖြန့်ဖြူး ရောင်းချရမည်။

(ဇ) လျှပ်စစ်မီးရရှိပါက လျှပ်စစ်ပန့် (A.C Electric Pump) ဖြင့်သာ ဖြန့်ဖြူး ရောင်းချရမည်ဖြစ်ပြီး ဓာတ်ဆီကို မြေအောက်သိုလှောင်ကန်ဖြင့်လည်းကောင်း၊ ဒီဇယ်ဆီကို မြေပေါ် သို့မဟုတ် မြေအောက်သိုလှောင်ကန်ဖြင့်လည်းကောင်း သိုလှောင်ရမည်။

(ဈ) လျှပ်စစ်ပန့် (A.C Electric Pump) ဖြင့် ဖြန့်ဖြူးရောင်းချပါက ဒီဇယ် ပန့်တစ်လုံးနှင့် ဓာတ်ဆီပန့်တစ်လုံးသာ အသုံးပြုရမည်။

(ည) အရောင်းဆိုင်ခြံစည်းရိုးသည် မြေအောက်သိုလှောင်ကန်နှင့် အနည်းဆုံး ၅ ပေ၊ မြေပေါ်သိုလှောင်ကန်နှင့် အနည်းဆုံး ၁၀ ပေ ကွာဝေးရမည်။

(ဋ) ဂိုဒေါင်၏အကျယ်အဝန်းသည် အနည်းဆုံးစတုရန်းပေ ၂၀၀ ရှိရမည်ဖြစ်ပြီး အရောင်းဆိုင် ခြံစည်းရိုးမှ အနည်းဆုံး ၁၅ ပေ ကွာဝေးရမည်။

ကန့်သတ်

( ဃ) ကျေးရွာသုံးစက်သုံးဆီ အရောင်းဆိုင်တစ်ဆိုင်တွင် စက်သုံးဆီပမာဏ ဂါလန် ၁,၀၀၀ ထက်ပို၍ သိုလှောင်ခြင်းမပြုရ။

( င) ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက စိစစ်အတည်ပြုပေးထားသည့် သတ်မှတ်ပုံစံအတိုင်းသာတည်ဆောက်ရမည်။ ခွင့်ပြုချက်မရှိဘဲ ပြင်ဆင်ပြောင်းလဲ တိုးချဲ့တည်ဆောက်ခြင်းမပြုရ။

( စ) ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်၏ သိုလှောင်ကန်၊ ဂိုဒေါင်များနှင့် အခြားအရောင်းဆိုင်တစ်ဆိုင်၏ သိုလှောင်ကန်၊ ဂိုဒေါင်များ၏ကြား အကွာအဝေးသည် အနည်းဆုံးပေ ၁၀၀ ရှိရမည်။

(ဆ) ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်ဖွင့်လှစ်သည့်နေရာသည် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ ရေနံထွက်ပစ္စည်းလုပ်ငန်း(အရောင်းဆိုင်) လိုင်စင်ကိုရယူ၍ ဖွင့်လှစ်ဖြန့်ဖြူးရောင်းချသည့် စက်သုံးဆီအရောင်းဆိုင်ကြီး များနှင့်အနည်းဆုံးတစ်မိုင်ကွာဝေးရမည်။ (ဝေးလံခေါင်သီ၍ လမ်းပန်းဆက်သွယ် ရေးခက်ခဲသောတောင်ပေါ်ဒေသများအတွက် လျှော့ပေါ့စဉ်းစားပေးမည်။)

(ဇ) ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်များအား ရေးဟောင်းယဉ်ကျေးမှုအမွေ အနှစ်များနှင့် ကင်းလွတ်သည့်နေရာများတွင်သာဖွင့်လှစ်ရမည်။ မြို့နှစ်မြို့ အကြားဖောက်လုပ်ထားသည့် မော်တော်ကားလမ်းမများ၏ဘေးနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ဖွင့်လှစ်ခွင့်ပြုရန်မသင့်ဟု သတ်မှတ်ထားသည့်နေရာများ၊ အမြန်လမ်းမကြီးနှင့် ပြည်ထောင်စုလမ်းမကြီးများ၏ဘေးတွင်ဖွင့်လှစ်ခြင်းမပြုရ။

၂။ အငွေ့ထုတ်ပိုက်(Vent Pipe) နှင့် အဆောက်အအုံသည် အနည်းဆုံး(၅)ပေ၊ လေစုပ် ကိရိယာ (Powered Ventilation Air Intake Devices) သည် အနည်းဆုံး (၁၅)ပေ ကွာဝေး ရမည်။

၃။ ဆီပန့် (Fuel Dispensing Pump) တစ်ခုနှင့်တစ်ခု အကွာအဝေးသည်(၅)ပေထက် မနည်းရှိရမည်။

၄။ ဆီပန့် (Fuel Dispensing Pump)နှင့် အခြားအဆောက်အအုံ၊ ဆီပန့်(Fuel Dispensing Pump) နှင့် မြေစည်းရိုး(Property Line)တို့၏ အကွာအဝေးသည် (၁၀) ပေထက်မနည်း ရှိရမည်။

၅။ ဆီသိုလှောင်ကန်၊ ဆီချပ်ပိုင့်၊ ဆီငွေ့ထုတ်ပိုက်၊ ဆီပန့်တို့သည် ထရန်စဖော်မာ၊ ဗို့အားမြင့်လျှပ်စစ်ကြိုးများနှင့် အနည်းဆုံး(၅၀)ပေကွာဝေးရမည် သို့မဟုတ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် လျှပ်စစ်ဌာနတို့မှသတ်မှတ်ထားသော လုံလောက်သည့်ဘေးကင်းမှု အကွာအဝေးအတွင်း ထားရှိနိုင်သည်။

၆။ စစ်ဆေးသူအရာရှိက လိုအပ်သည်ဟုယူဆပါက မီးကာနံရံများထားရှိခြင်း၊ အထူးအကာအကွယ်များပြုလုပ်ထားခြင်းတို့ကို ဆောင်ရွက်ရမည်။

၇။ ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်တည်ဆောက်မည့်နေရာသည် အောက်ဖော်ပြပါ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများနှင့် အနည်းဆုံးရှိသင့်သော အကွာအဝေး သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရမည်-

| စဉ် | ပို့လွှတ်ဖိအား ( Psi) | ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းအရွယ်အစား | အနည်းဆုံး သတ်မှတ်အကွာအဝေး |
|---|---|---|---|
| ၁။ | ၁၂၈၀ | ၄၀ လက်မ | ၁၀၀၀ ပေ |
| ၂။ | ၁၂၈၀ | ၃၆ လက်မ | ၉၀၀ ပေ |
| ၃။ | ၁၂၈၀ | ၃၂ လက်မ | ၈၀၀ ပေ |
| ၄။ | ၁၂၈၀ | ၃၀ လက်မ | ၇၃၀ ပေ |
| ၅။ | ၁၂၈၀ | ၂၈ လက်မ | ၇၀၀ ပေ |
| ၆။ | ၁၀၅၀ | ၂၄ လက်မ | ၅၅၀ ပေ |
| ၇။ | ၈၀၀ | ၂၀ လက်မ | ၄၀၀ ပေ |
| ၈။ | ၈၀၀ | ၁၈ လက်မ | ၃၆၀ ပေ |
| ၉။ | ၆၀၀ | ၁၆ လက်မ | ၂၈၀ ပေ |
| ၁၀။ | ၃၉၀ | ၁၄ လက်မ မှ ၁၀ လက်မ | ၂၀၀ ပေ |
| ၁၁။ | ၃၅၀-၃၀၀ | ၈ လက်မ မှ ၄ လက်မ | ၁၅၀ ပေ |

၈။ Filling Station Master Plan အရ ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်း (အရောင်းဆိုင်) များအတွက် Grade များ ခွဲခြားသတ်မှတ်ထားပြီး ကျေးရွာသုံးစက်သုံးဆီ အရောင်းဆိုင် (Grade E) ၏ ယှဉ်တွဲဖော်ပြပါသတ်မှတ်ချက်များကို ကိုက်ညီပြည့်စုံစွာ ဆောင်ရွက် ရန်လိုအပ်ပါသည်-

(က) ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်) **Grade E** အဆင့် သတ်မှတ်ချက်များ

| Sr. | Criteria | Grade E (Village Mini Pump Station) |
|---|---|---|
| 1 | Available Products | Maximun 4 products.(MS, Octane 92, 95,97, Diesel, Premium Diesel, ...) |
| 2 | Area | 2000 sqft and above. |
| 3 | Frontage | 40 feet and above. |
| 4 | Storage Capacity | Not to exceed 1000 gals.( Storage Tank or Fuel Godown) |
| 5 | Numbers of Dispensers | Maximum 2 numbers . |
| 6 | Material standards | Tanks, Fuel Godown, pipelines, valves, dispensers and apparatus must be complied with API standards or internationally recognized standards. |
| 7 | Firefighting system | Adequate water source and skilled persons in firefighting as well as adequate portable fire extinguishers. |
| 8 | Traffic safety | Customers vehicles can easily be accessed and leave the dispensers. |
| 9 | Operation time | Partial service hours. |

## လိုင်စင်လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့် လိုင်စင်ထုတ်ပေးခြင်း

၉။ ရေနံထွက်ပစ္စည်းလုပ်ငန်း (ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်) တည်ဆောက် လုပ်ကိုင်လိုသူသည် တည်ဆောက်ခွင့်ပြုရန် အဆိုပြုလျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံစွာဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီး ဌာနသို့ အဆိုပြုလျှောက်ထားရမည်-

(က) လျှောက်ထားသူ၏ (၂ x ၁.၅) လက်မဓာတ်ပုံ၊ အမည်နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား မိတ္တူ၊

(ခ) ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်အမည်၊

(ဂ) ဆက်သွယ်ရန်လိပ်စာနှင့် တယ်လီဖုန်းနံပါတ်၊

(ဃ) မြေပိုင်ဆိုင်ကြောင်းအထောက်အထား သို့မဟုတ် မြေသုံးစွဲနိုင်ကြောင်း အထောက်အထား၊

(င) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ကန့်ကွက် ရန်မရှိကြောင်း ထောက်ခံချက်၊

(စ) တည်ဆောက်မည့်မြေနေရာအထောက်အထား မြေစာရင်းပုံစံ (၁၀၅)နှင့် (၁၀၆) မိတ္တူနှင့် အတိုင်းအတာအကျယ်အဝန်း၊

(ဆ) အရောင်းဆိုင်တည်ဆောက်မည့် မြေနေရာ၏ Google Map၊

(ဇ) သိုလှောင်ဖြန့်ဖြူးရောင်းချမည့် စက်သုံးဆီအမျိုးအစားများ၊ သိုလှောင်ကန် အရေအတွက်နှင့် ဝင်ဆံ့ဂါလန်ပမာဏ သို့မဟုတ် ဂိုဒေါင်၏သိုလှောင်နိုင် သည့် ဂါလန်ပမာဏ၊

(ဈ) တည်ဆောက်မည့်အကွက်ချပုံစံ (Layout Plan)၊ အသေးစိတ်ဒီဇိုင်းပုံစံ (Design & Detail Drawing)၊

(ည) အဆိုပြုလျှောက်ထားစဉ်ကာလအတွင်း အပိုဒ် ၉(ဈ) ပါ အချက်ကို ဌာနက အတည်မပြုသေးမီ ကြိုတင်တည်ဆောက်မှုမပြုကြောင်းကတိဝန်ခံချက်၊

၁၀။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် အရောင်းဆိုင်တည်ဆောက် ခွင့်ပြုရန် လျှောက်ထားမှုကိုစိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ အကယ်၍ လျှောက်ထားမှုကို ငြင်းပယ်ခဲ့လျှင် မည်သည့်အကြောင်းကြောင့်ငြင်းပယ်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားမည်။

၁၁။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် လျှောက်ထားချက်အပေါ် စစ်ဆေးစိစစ်ပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီကြောင်းတွေ့ရှိရပါက တည်ဆောက်မည့် အကွက်ချပုံစံ(Layout Plan)၊ အသေးစိတ်ဒီဇိုင်းပုံစံ (Design & Detail Drawing) များအား အတည်ပြုပါကြောင်းနှင့် သက်ဆိုင်ရာ ခွင့်ပြုမိန့်များရယူပြီး လိုအပ်သလိုဆက်လက်ဆောင် ရွက်ရန်ဖြစ်ပါကြောင်း လျှောက်ထားသူထံ အကြောင်းကြားမည်။

၁၂။ အထက်အပုဒ် ၁၁ ပါအကြောင်းကြားချက်ကိုလက်ခံရရှိသူသည် အဆိုပြုပုံစံအတိုင်း တည်ဆောက်ပြီးစီး၍ ဖွင့်လှစ်ရောင်းချရန်အသင့်ဖြစ်ပါက အောက်ဖော်ပြပါစာရွက်စာတမ်း အထောက်အထားများပြည့်စုံစွာဖြင့် လိုင်စင်ခွင့်ပြုထုတ်ပေးရန် ရေနံထွက်ပစ္စည်းကြီးကြပ် စစ်ဆေးရေးဦးစီးဌာနသို့ လျှောက်ထားရမည်-

(က) သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်မိတ္တူ၊

(ခ) ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက အတည်ပြုထားသော အရောင်းဆိုင်၏ အကွက်ချပုံစံ၊ (Layout Plan) နှင့် အသေးစိတ်ဒီဇိုင်းပုံစံ (Design & Detail Drawing) မူရင်းနှင့်မိတ္တူ၊

(ဂ) သတ္တုတွင်းဦးစီးဌာန၏သိုလှောင်ခွင့်လိုင်စင်မူရင်းနှင့်မိတ္တူ၊

(ဃ) တည်ဆောက်ပြီးစီးသည့်အရောင်းဆိုင်အား ရှေ့၊ နောက်၊ ဝဲ၊ ယာ ရိုက်ကူး ထားသည့် (၄×၆) လက်မအရွယ်ရှိ ရောင်စုံဓါတ်ပုံ (၄)ပုံနှင့် သိုလှောင်ကန် သို့မဟုတ် ဂိုဒေါင်အား ထင်ရှားပြတ်သားစွာရိုက်ကူးထားသည့် (၄×၆) လက်မ အရွယ်ရှိ ရောင်စုံဓါတ်ပုံများ၊

၁၃။ တည်ဆောက်ပြီးစီးသည့် အရောင်းဆိုင်ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိ ဦးဆောင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှ ကွင်းဆင်း စစ်ဆေးရမည်။ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ပြုပြင် ဆောင်ရွက်စေပြီး ထပ်မံကွင်းဆင်းစစ်ဆေးမည်။

၁၄။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိဦးဆောင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးပြီး လိုင်စင်ထုတ်ပေး သင့်ကြောင်းထောက်ခံတင်ပြလျှင် ရုံးချုပ်က လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ အမှုဆောင် ကော်မတီအစည်းအဝေးသို့တင်ပြမည်။

၁၅။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ အမှုဆောင်ကော်မတီအစည်းအဝေးက လိုင်စင် ထုတ်ပေးရန်ဆုံးဖြတ်ပါက သက်တမ်း (၁) နှစ်ရှိ ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်လိုင်စင်ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိက ထုတ်ပေး ရမည်။

၁၆။ ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင်(ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်)၏ သက်တမ်း မှာ လိုင်စင်ခွင့်ပြုသည့်နေ့မှစတင်၍ (၁) နှစ်တိတိဖြစ်သည်။

၁၇။ လိုင်စင်ရရှိသူသည် ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ကျေးရွာသုံးစက်သုံးဆီ အရောင်းဆိုင်)နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့်ကျသင့်သောအခကြေးငွေများကို ရေနံထွက် ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ ပေးသွင်းရမည်။

## လိုင်စင်သက်တမ်းတိုးခြင်း

၁၈။ လိုင်စင်ရရှိသူသည် လိုင်စင်စတင်ခွင့်ပြုထုတ်ပေးသည့်ရက်မှစတင်၍ သက်တမ်း မကုန်ဆုံးမီ ၂ လအတွင်း သက်တမ်းတိုးမြှင့်ခွင့်ပြုပါရန် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနသို့ လျှောက်ထားရမည်-

(က) ပိုင်ရှင်၏ ကိုယ်တိုင်ရေးလျှောက်လွှာမူရင်း၊

(ခ) လိုင်စင်ရရှိသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူ၊

(ဂ) ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်) မူရင်း နှင့်မိတ္တူ၊

(ဃ) သတ္တုတွင်းဦးစီးဌာန၏ သက်တမ်းတိုးပြီးစက်သုံးဆီသိုလှောင်ခွင့်လိုင်စင်မူရင်းနှင့် မိတ္တူ၊

၁၉။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ရေနံထွက်ပစ္စည်းလုပ်ငန်း (ကျေးရွာသုံးစက်သုံးဆီ အရောင်းဆိုင်) အား ကွင်းဆင်းစစ်ဆေးစိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိလျှင် လိုင်စင်သက်တမ်း (၁) နှစ်တိုးမြှင့်ပေးမည်။

၂၀။ ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်) သက်တမ်း တိုးခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့်ကျသင့်သောအခကြေးငွေများကို ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ ပေးသွင်းရမည်။

## ပြင်ဆင်ပြောင်းလဲတိုးချဲ့တည်ဆောက်ခြင်း

၂၁။ ရေနံထွက်ပစ္စည်းလုပ်ငန်း(ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်)အား ပြင်ဆင်ပြောင်းလဲ တိုးချဲ့တည်ဆောက်ခွင့်ပြုပါရန် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်း အထောက်အထားများပြည့်စုံစွာဖြင့် ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနသို့ လျှောက်ထားရမည်–

(က) ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင်(ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်) မူရင်းနှင့်မိတ္တူ၊

(ခ) သတ္တုတွင်းဦးစီးဌာန၏ သက်တမ်းရှိသိုလှောင်ခွင့်လိုင်စင်မူရင်းနှင့်မိတ္တူ၊

(ဂ) ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက အတည်ပြုထားသော အရောင်းဆိုင် အကွက်ချပုံစံ (Layout Plan)၊ အသေးစိတ် ဒီဇိုင်းပုံစံ (Design & Detail Drawing) မူရင်းနှင့် မိတ္တူ၊

(ဃ) ပြင်ဆင်ပြောင်းလဲတိုးချဲ့လိုသည့် အကွက်ချပုံစံ (Layout Plan)၊ အသေးစိတ် ဒီဇိုင်းပုံစံ (Design & Detail Drawing) မူရင်း၊ (လိုင်စင်ရရှိပြီး ဆိုင်အဟောင်းကို တိုးချဲ့/ ပြုပြင်/ တည်ဆောက်ခြင်းဖြစ်ပါက အသစ်တည်ဆောက်သည့် အဆောက်အအုံ၊ သိုလှောင်ကန်စသည်တို့ကို Layout Plan ပေါ်တွင် အနီရောင်ဖြင့် ထပ်တိုး/ Proposal ဟုရေးသားဖော်ပြရမည်။)

(င) မြေဧရိယာတိုးချဲ့တည်ဆောက်ခြင်းအတွက် မြေပိုင်ဆိုင်ကြောင်းအထောက် အထား သို့မဟုတ် မြေသုံးစွဲနိုင်ကြောင်းအထောက်အထား၊

(စ) သိုလှောင်မှုပမာဏပြင်ဆင်ပြောင်းလဲခြင်း၊ ခွင့်ပြုမြေဧရိယာပမာဏပြင်ဆင်ပြောင်း လဲခြင်းနှင့် စက်သုံးဆီအမျိုးအစားပြင်ဆင်ပြောင်းလဲသိုလှောင်ခြင်းတို့နှင့်ပတ်သက်၍ သက်ဆိုင်ရာတိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊

၂၂။ ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်ကို ပြင်ဆင်ပြောင်းလဲတိုးချဲ့တည်ဆောက် လိုပါက–

(က) ခွင့်ပြုချက်ရရှိရန် အပိုဒ် ၂၁ နှင့်အညီ ကြိုတင်လျှောက်ထားရမည်၊

(ခ) ခွင့်ပြုချက်ကြိုတင်လျှောက်ထားခြင်းမပြုဘဲ လုပ်ငန်းဆောင်ရွက်ခြင်း မပြုရ၊

(ဂ) ခွင့်ပြုချက်ကြိုတင်လျှောက်ထားစဉ် ခွင့်ပြုချက်မရသေးမီ လုပ်ငန်း ဆောင်ရွက်ခြင်းမပြုရ။

၂၃။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် လျှောက်ထားမှုအားစိစစ်၍ ကိုက်ညီပါက ရေနံထွက်ပစ္စည်း လုပ်ငန်း(ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်) အား ပြင်ဆင်ပြောင်းလဲတိုးချဲ့ တည်ဆောက်ခွင့်ပြုမည်။

၂၄။ ရေနံထွက်ပစ္စည်းလုပ်ငန်း (ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်) ပြင်ဆင်ပြောင်းလဲ တိုးချဲ့တည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် ကျသင့်သောအခကြေးငွေများကို ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ ပေးသွင်းရမည်။

## ပိုင်ရှင်အမည်ပြောင်းလဲခြင်း

၂၅။ ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်) ပိုင်ရှင်အမည် ပြောင်းလဲခွင့်ပြုရန် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးမှ တစ်ဆင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ရုံးချုပ်သို့ လျှောက်ထားရမည်-

(က) ပိုင်ရှင်အမည်ပြောင်းလဲလိုသူ၏ (၂ x ၁.၅) လက်မဓာတ်ပုံ၊ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

(ခ) ဆက်သွယ်ရန်လိပ်စာနှင့် တယ်လီဖုန်းနံပါတ်၊

(ဂ) ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်) မူရင်း နှင့်မိတ္တူ၊

(ဃ) ပိုင်ရှင်အမည်ပြောင်းလဲလိုသူအမည်ဖြင့် ခွင့်ပြုထုတ်ပေးသော သိုလှောင်ခွင့် လိုင်စင်မူရင်းနှင့်မိတ္တူ၊

(င) ပိုင်ရှင်အမည်ပြောင်းလဲခြင်းအပေါ် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

(စ) မူလပိုင်ရှင်နှင့် ပိုင်ရှင်အမည်ပြောင်းလဲလိုသူတို့၏ နှစ်ဦးသဘောတူ မှတ်ပုံတင်ထားသည့် စာချုပ်မူရင်းနှင့်မိတ္တူ၊

၂၆။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ကျေးရွာသုံး စက်သုံးဆီအရောင်းဆိုင်) ပိုင်ရှင်အမည်ပြောင်းလဲလျှောက်ထားမှုအားစိစစ်၍ သတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိပါက ပိုင်ရှင်အမည်ပြောင်းလဲခွင့်ပြုမည်။

၂၇။ ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်) ပိုင်ရှင် အမည်ပြောင်းလဲသူက သတ်မှတ်ထားသည့်ကျသင့်သောအခကြေးငွေများကို ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ ပေးသွင်းရမည်။

**အရောင်းဆိုင်အမည်ပြောင်းလဲခြင်း**

၂၈။ ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင် အမည်ပြောင်းလဲခွင့်ပြုရန် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများပြည့်စုံစွာဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးမှတစ်ဆင့် ရေနံထွက်ပစ္စည်းကြီးကြပ် စစ်ဆေးရေးဦးစီးဌာန၊ ရုံးချုပ်သို့ လျှောက်ထားရမည်-

(က) အမည်ပြောင်းလဲပြီးအရောင်းဆိုင်၏ သက်တမ်းရှိစက်သုံးဆီသိုလှောင်ခွင့် လိုင်စင်မူရင်းနှင့်မိတ္တူ၊

(ခ) ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင်(ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်) မူရင်း၊ မိတ္တူ နှင့် သက်တမ်းတိုးကတ်ပြားမူရင်းနှင့်မိတ္တူ၊

၂၉။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင် အမည်ပြောင်းလဲ လျှောက်ထားမှုအားစိစစ်၍ သတ်မှတ်ချက်နှင့်ကိုက်ညီမှုရှိပါက ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်၏ ဆိုင်အမည်ပြောင်းလဲခွင့်ပြုမည်။

**ပျက်စီး သို့မဟုတ် ပျောက်ဆုံး၍ မိတ္တူမှန် လျှောက်ထားခြင်း**

၃၀။ ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်) ပျက်စီး သို့မဟုတ် ပျောက်ဆုံး၍ မိတ္တူမှန်ထုတ်ယူခွင့်ပြုရန် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးသို့ လျှောက်ထားရမည်-

(က) ပျက်စီး သို့မဟုတ် ပျောက်ဆုံးကြောင်း ပိုင်ရှင်၏ကတိဝန်ခံချက်မူရင်း၊

(ခ) ပျက်စီး သို့မဟုတ် ပျောက်ဆုံးသည်မှာမှန်ကန်ကြောင်း သက်ဆိုင်ရာ နယ်မြေရဲစခန်း၏ ထောက်ခံချက်မူရင်း၊

(ဂ) ပျက်စီး သို့မဟုတ် ပျောက်ဆုံးသည်မှာမှန်ကန်ကြောင်း သက်ဆိုင်ရာ ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း

(ဃ) သတ္တုတွင်းဦးစီးဌာန၏ သက်တမ်းတိုးပြီးသိုလှောင်ခွင့်လိုင်စင်မူရင်းနှင့်မိတ္တူ၊

၃၁။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိရုံး သည် ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်) ပျက်စီး သို့မဟုတ် ပျောက်ဆုံး၍ မိတ္တူမှန်လျှောက်ထားလာမှုအား စိစစ်၍သတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိပါက မိတ္တူမှန်ထုတ်ပေးမည်။

၃၂။ ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်) ပျက်စီး သို့မဟုတ် ပျောက်ဆုံး၍ မိတ္တူမှန်ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် ကျသင့် သောအခကြေးငွေများကို ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနသို့ ပေးသွင်းရမည်။

# လိုင်စင်အဆိုပြုလျှောက်လွှာပုံစံ

သို့

ညွှန်ကြားရေးမှူးချုပ်
ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
နေပြည်တော်

၁.၅"

၂" | ဓာတ်ပုံ

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ .....လ .... ရက်

အကြောင်းအရာ။ **ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင်(ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်) အဆိုပြုလျှောက်ထားခြင်း**

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်/ကျွန်မဦး/ဒေါ်.........၊ မှတ်ပုံတင်အမှတ်၊..........(နိုင်) ..........သည်.........တိုင်းဒေသကြီး/ပြည်နယ်၊.........ခရိုင်၊ ......... မြို့နယ်၊ ........ကျေးရွာအုပ်စု၊ ဦးပိုင်အမှတ်(.......)၊ အကွက်အမှတ်(.......)၊(......) ကေရှိမြေပေါ်တွင် **"........."** အမည်ဖြင့် ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်အသစ် တည်ဆောက်ဖွင့်လှစ်ရောင်းချလိုပါသဖြင့် လိုအပ်သောစာရွက်စာတမ်းအထောက်အထားများနှင့်အတူလျှောက်ထားအပ်ပါသည်-

(က) လျှောက်ထားသူအမည် - ဦး/ဒေါ် .................
မှတ်ပုံတင်အမှတ် - .........(နိုင်)....../............

(ခ) ဆက်သွယ်ရန်လိပ်စာ - .........တိုင်းဒေသကြီး/ပြည်နယ်၊........ခရိုင်၊.........မြို့နယ်၊ ..........ကျေးရွာအုပ်စု

(ဂ) ဖုန်းနံပါတ် - .....................

(ဃ) တည်နေရာနှင့်အကျယ်အဝန်း - .........တိုင်းဒေသကြီး/ပြည်နယ်၊........ခရိုင်၊ .........မြို့နယ်၊........ကျေးရွာအုပ်စု၊ မြေ(....)ကေ

(င) လိုင်စင်အမျိုးအစား - ကျေးရွာသုံးစက်သုံးဆီအရောင်းဆိုင်

(စ) သိုလှောင်ကန်အမျိုးအစားနှင့် ဂါလန်ပမာဏ - ဒီဇယ်၊ ပရီမီယမ်ဒီဇယ်၊ 92/95၊........ ဂါလန်(.......)ဆံ့မြေအောက်/မြေပေါ်ကန်(...)ကန်

(ဆ) ပန့်တိုင်အရေအတွက် - (.....) တိုင်

ပူးတွဲ

- တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏ ကန့်ကွက်ရန်မရှိကြောင်းထောက်ခံချက်
- နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း/ မိတ္တူ)
- မြေပိုင်ဆိုင်ကြောင်းအထောက်အထားသို့မဟုတ် မြေသုံးစွဲနိုင်ကြောင်းအထောက်အထား
- တည်ဆောက်မည့်မြေနေရာအထောက်အထား မြေစာရင်းပုံစံ ၁၀၅/၁၀၆
- တည်ဆောက်မည့်Layout Plan Design နှင့် Detail Design & Drawing

လေးစားစွာဖြင့်

လျှောက်ထားသူအမည် - ဦး/ဒေါ်...................
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် - ..../.......(နိုင်)..........
နေရပ်လိပ်စာ - .........တိုင်းဒေသကြီး/ပြည်နယ်၊ ......ခရိုင်၊ .........မြို့နယ်၊.............ကျေးရွာအုပ်စ
ဖုန်းနံပါတ် - ..................